မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

**အမှတ် ၁၂** ] ရန်ကုန်မြို့ { ၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက် ( ၂၀၁၃ ခုနှစ်၊ မတ်လ ၂၂ ရက် ) } **သောကြာနေ့** [ **အတွဲ ၆၆**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၃၀/၂၀၁၃**

၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်

( ၂၀၁၃ ခုနှစ်၊ မတ်လ ၁၂ ရက် )

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား အငြိမ်းစားပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၈ နှင့် နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၆ တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား ယနေ့မှစ၍ အငြိမ်းစားပေးလိုက်သည် -

| | **အမည်၊ ရာထူး၊ ဌာန** | **ဝန်ကြီးဌာန/အဖွဲ့အစည်း** |
|---|---|---|
| (၁) | ဦးမျိုးသက်ရွှေ<br>ဦးဆောင်ညွှန်ကြားရေးမှူး<br>မွေးမြူရေး၊ အစားအစာနှင့်<br>နို့ထွက်ပစ္စည်းလုပ်ငန်း | မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန |
| (၂) | ဦးခင်ကိုလေး<br>ညွှန်ကြားရေးမှူးချုပ်<br>ငါးလုပ်ငန်းဦးစီးဌာန | မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန |
| (၃) | ဦးဝင်းမောင်<br>ပါမောက္ခချုပ်<br>ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) | ပြည်ထောင်စုရာထူးဝန်အဖွဲ့ |

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြန်တမ်း

အမှတ် ၁၂ ] ရန်ကုန်မြို့ { ၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက် ( ၂၀၁၃ ခုနှစ်၊ မတ်လ ၂၂ ရက် ) } သောကြာနေ့ [ အတွဲ ၆၆

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၃)**

၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်

( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက် )

**ကျွန်းသစ်ထုတ်လုပ်ခြင်းလုပ်ငန်း၊ ပြည်တွင်းပြည်ပရောင်းချခြင်းလုပ်ငန်းနှင့် ကျေးရွာလူထုက စိုက်ပျိုးပြုစုထားသော မိမိသုံးကျေးရွာပိုင်ထင်းစိုက်ခင်းများမှအပ သစ်တောစိုက်ခင်းပြုစုပျိုးထောင်ခြင်းလုပ်ငန်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင် စီးပွားရေး လုပ်ငန်းများ ဥပဒေပုဒ်မ ၄ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (က) အရ အစိုးရကသာ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် ကျွန်းသစ်ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ပြည်တွင်း ပြည်ပ ရောင်းချခြင်းလုပ်ငန်း၊ ပုဒ်မခွဲ (ခ) အရ ကျေးရွာလူထုက စိုက်ပျိုးပြုစုထားသော မိမိသုံးကျေးရွာပိုင် ထင်းစိုက်ခင်းများမှအပ သစ်တောစိုက်ခင်းပြုစုပျိုးထောင်ခြင်းလုပ်ငန်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းတို့ကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန် နေပြည်တော်၊ ဥတ္တရသီရိမြို့သစ်၊ အမှတ် ၂၂၅၃ နေ ဦးဟုန်းငိုင်း (ချင်းပြည်နယ် ဝန်ကြီးချုပ်) [၉/မမန(နိုင်) ၀၁၃၈၇၁]၊ ဒေါ်ဝါဝါ [၉/မမန(နိုင်)၀၁၃၈၇၂]၊ မောင်ကျော်မင်းသူ [၃/ဘအန (နိုင်) ၁၉၄၇၇၉]၊ မောင်ကျော်ဖြိုးသူ [၈/အလန(နိုင်)၁၃၃၃၃၉] နှင့် မဇင်ဝါလင်း [၈/အလန (နိုင်) ၁၃၃၃၃၈] တို့အား မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်ခရိုင်၊ လယ်ဝေးမြို့နယ်၊ မင်းပြင်ကြိုးဝိုင်း၊ အကွက်

အမှတ် ၉၅ နှင့် ၉၆ အတွင်း ကျွန်းစိုက်ခင်း ၁၀၀ ဧကကို အောက်ဖော်ပြပါ စာတိုင် (၄) ရှိ ဧရိယာ (ဧက) များတွင် လုပ်ငန်းစတင်ဆောင်ရွက်ရမည့်နှစ်မှ နှစ် ၃၀ အထိ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုလိုက်သည် -

**လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသည့်မြေအကြောင်းအရာ**

| **အမှတ်စဉ်** | **ကြိုးဝိုင်း** | **အကွက်အမှတ်** | **ဧရိယာ (ဧက)** | **လုပ်ငန်းစတင်ရမည့်ခုနှစ်** |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| ၁။ | မင်းပြင်ကြိုးဝိုင်း | ၉၅၊ ၉၆ | ၅၀ | ၂၀၁၃-၂၀၁၄ |
| ၂။ | မင်းပြင်ကြိုးဝိုင်း | ၉၅၊ ၉၆ | ၅၀ | ၂၀၁၄-၂၀၁၅ |

၃။ အပိုဒ် ၂ ပါ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသော လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရန် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအား လုပ်ပိုင်ခွင့်အပ်နှင်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၃)

၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်
( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက် )

**ကျွန်းသစ်ထုတ်လုပ်ခြင်းလုပ်ငန်း၊ ပြည်တွင်းပြည်ပရောင်းချခြင်းလုပ်ငန်းနှင့် ကျေးရွာလူထုက စိုက်ပျိုးပြုစုထားသော မိမိသုံးကျေးရွာပိုင်ထင်းစိုက်ခင်းများမှအပ သစ်တောစိုက်ခင်းပြုစုပျိုးထောင်ခြင်းလုပ်ငန်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင် စီးပွားရေး လုပ်ငန်းများ ဥပဒေပုဒ်မ ၄ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (က) အရ အစိုးရကသာ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် ကျွန်းသစ်ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ပြည်တွင်း ပြည်ပ ရောင်းချခြင်းလုပ်ငန်း၊ ပုဒ်မခွဲ (ခ) အရ ကျေးရွာလူထုက စိုက်ပျိုးပြုစုထားသော မိမိသုံးကျေးရွာပိုင် ထင်းစိုက်ခင်းများမှအပ သစ်တောစိုက်ခင်းပြုစုပျိုးထောင်ခြင်းလုပ်ငန်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းတို့ကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ပခုက္ကူမြို့၊ အမှတ် (၉) ရပ်ကွက်၊ ဗိုလ်ဌာယီလမ်း၊ အမှတ် ၆၈ နေ ဦးစည်သူဟန် [၈/ပခက (နိုင်) ၁၇၄၂၈၃] အား မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပေါက်မြို့နယ်၊ ပုံတောင်ကြိုးဝိုင်း၊

အကွက်အမှတ် ၄၁ အတွင်း ကျွန်းစိုက်ခင်း ၁၅၀ ဧကကို အောက်ဖော်ပြပါ စာတိုင် (၄) ရှိ ဧရိယာ (ဧက) များတွင် လုပ်ငန်းစတင်ဆောင်ရွက်ရမည့်နှစ်မှ နှစ် ၃၀ အထိ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုလိုက်သည် -

**လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသည့်မြေအကြောင်းအရာ**

| အမှတ်စဉ် | ကြိုးဝိုင်း | အကွက်အမှတ် | ဧရိယာ (ဧက) | လုပ်ငန်းစတင်ရမည့်ခုနှစ် |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| ၁။ | ပုံတောင်ကြိုးဝိုင်း | ၄၁ | ၇၅ | ၂၀၁၃-၂၀၁၄ |
| ၂။ | ပုံတောင်ကြိုးဝိုင်း | ၄၁ | ၇၅ | ၂၀၁၄-၂၀၁၅ |

၃။ အပိုဒ် ၂ ပါ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသော လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရန် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအား လုပ်ပိုင်ခွင့်အပ်နှင်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်

**အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၃**

၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်
( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက် )

**ကော်မတီအဖွဲ့ဝင် ပြောင်းရွှေ့ဖွဲ့စည်းခြင်း**

ပြည်သူ့လွှတ်တော် ပဌမအကြိမ် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒသမနေ့တွင် အောက်ဖော်ပြပါ ကိုယ်စားလှယ် (၂) ဦးတို့၏ ကော်မတီများအား ယှဉ်တွဲပါကော်မတီများအတိုင်း ပြောင်းရွှေ့ဖွဲ့စည်းလိုက်သည် -

| စဉ် | အမည်/မဲဆန္ဒနယ် | မူလကော်မတီ | ပြောင်းရွှေ့သည့်ကော်မတီ |
|---|---|---|---|
| ၁။ | ဦးပေါခင် (နွားထိုးကြီး) | ရင်းနှီးမြှုပ်နှံမှုနှင့်စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ | အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှု ကော်မတီ |
| ၂။ | ဒေါ်စန္ဒာမင်း (ဇမ္ဗူသီရိ) | အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ | ရင်းနှီးမြှုပ်နှံမှုနှင့်စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ |

(ပုံ) သူရရွှေမန်း
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၃**

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်

( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက် )

**စီးပွားရေးလုပ်ငန်းအမျိုးအစားများသတ်မှတ်ခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအခန်း (၂) ပါ သက်ဆိုင်သည့် စီးပွားရေးလုပ်ငန်းများအနက် လုပ်ကိုင်ခွင့်ပြုရန် ခွင့်မပြုသည့် စီးပွားရေး လုပ်ငန်းအမျိုးအစားများစာရင်း၊ နိုင်ငံသားနှင့်ဖက်စပ်စနစ်ဖြင့်သာ ဆောင်ရွက်ခွင့်ပြုသည့် စီးပွားရေးလုပ်ငန်း အမျိုးအစားများစာရင်းနှင့် သီးခြားပြဋ္ဌာန်းထားသည့် အခြေအနေတစ်ရပ်ရပ်ဖြင့် ဆောင်ရွက်ခွင့်ပြုသည့် စီးပွားရေးလုပ်ငန်းအမျိုးအစားများစာရင်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါ အတိုင်း ထုတ်ပြန်လိုက်သည် -

**ခွင့်မပြုသည့် စီးပွားရေးလုပ်ငန်းအမျိုးအစားများ စာရင်း**

| **အမှတ်စဉ်** | **စီးပွားရေးလုပ်ငန်းအမျိုးအစား** |
|---|---|
| ၁ | ကာကွယ်ရေးဆိုင်ရာ လက်နက်ခဲယမ်းမီးကျောက်များ ပစ္စည်းများထုတ်လုပ်ခြင်းနှင့် ယင်းနှင့် ပတ်သက်သည့် ဝန်ဆောင်မှုလုပ်ငန်းများ |
| ၂ | ရေထိန်းတောများ၊ ဘာသာရေးအရ အထွတ်အမြတ် ထိန်းသိမ်းထားသည့်နေရာများနှင့် ရိုးရာ ပူဇော်ပသမှုပြုလုပ်သည့်နေရာများ၊ စားကျက်မြေများ၊ တောင်ယာစိုက်ခင်းနှင့် လယ်ယာမြေများ၊ ရေအရင်းအမြစ်များကို ထိခိုက်ပျက်စီးစေနိုင်သည့် လုပ်ငန်းများ |
| ၃ | ဓာတ်မြေသြဇာဥပဒေအရလည်းကောင်း၊ မျိုးစေ့ဥပဒေအရလည်းကောင်း၊ အခါအားလျော်စွာ ထုတ်ပြန်သည့် စိုက်ပျိုးရေးဆိုင်ရာဥပဒေအရသော်လည်းကောင်း ကိုက်ညီမှုမရှိသည့် စိုက်ပျိုးရေး လုပ်ငန်းများ၊ စက်ရုံအလုပ်ရုံ ထုတ်လုပ်မှုလုပ်ငန်းများ |
| ၄ | ပြည်ပမှစွန့်ပစ်ပစ္စည်းများတင်သွင်းပြီး ပြည်တွင်း၌ စက်ရုံတည်ထောင်ထုတ်လုပ်သည့်လုပ်ငန်း |
| ၅ | အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းနှင့် မွန်ထရီရာယ်နောက်ဆက်တွဲ စာချုပ်များအရ ပိတ်ပင်တားမြစ်ထားသည့် အိုဇုန်းလွှာပျက်စီးစေသည့် ဒြပ်ပစ္စည်းများ ဖြစ်သော Hydrobromo fluoro-carbon (HBFC) ၃၄ မျိုး၊ Bromochloromethane ၁ မျိုး၊ Cholorofluorocarbon ၅ မျိုး၊ Halogenated (CFC) ၁၀ မျိုး၊ Halon ၃ မျိုး၊ Halonginated CFC ၁၀ မျိုး၊ Carbon tetrachloride ၁ မျိုးထုတ်လုပ်ခြင်းလုပ်ငန်းများ |
| ၆ | ပတ်ဝန်းကျင်ကို ညစ်ညမ်းစေပြီး တာရှည်တည်မြဲနေနိုင်သည့် အော်ဂဲနစ်ပစ္စည်းများ ကာကွယ်ရေးဆိုင်ရာ စတော့ဟုမ်းကွန်ဗင်းရှင်းအရ တားမြစ်ထားသည့် အော်ဂဲနစ်ပစ္စည်း ၂၁ မျိုး ထုတ်လုပ်ခြင်းလုပ်ငန်း |
| ၇ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အခါအား လျော်စွာ ထုတ်ပြန်သတ်မှတ်သည့် ပတ်ဝန်းကျင်ကို လက်ငင်း၊ ရေတိုရေရှည်တွင် သိသာ ထင်ရှားစွာ ထိခိုက်စေနိုင်သော ပြည်တွင်းတွင် သုံးစွဲရန် မသင့်သည့် ပြည်ပ၌အသုံးပြုပြီး စက်ရုံ |

| အမှတ်စဉ် | စီးပွားရေးလုပ်ငန်းအမျိုးအစား |
|---|---|
| | သို့မဟုတ် စက်ပစ္စည်းများ သို့မဟုတ် လုပ်ငန်းများနှင့် ဘေးအန္တရာယ်ရှိ ပစ္စည်းအမျိုး အစားများ ထုတ်လုပ်သည့်စက်ရုံ (သို့မဟုတ်) အသုံးပြုသည့်လုပ်ငန်းများ |
| ၈ | သဘာဝသစ်တောများကို စီမံခန့်ခွဲထိန်းသိမ်းမှုလုပ်ငန်း |
| ၉ | ကျောက်စိမ်း/ ကျောက်မျက်ရတနာရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်းနှင့်ထုတ်လုပ်ခြင်းလုပ်ငန်း |
| ၁၀ | ဓာတ်သတ္တုအလတ်စားနှင့် အသေးစားထုတ်လုပ်ခြင်းလုပ်ငန်း |
| ၁၁ | မီးခံကျောက်ဂွမ်း (Asbestos) ဖြင့်လုပ်သည့် ဆောက်လုပ်ရေးပစ္စည်း အမျိုးမျိုးထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း |
| ၁၂ | လျှပ်စစ်ဓာတ်အားစနစ်ကွပ်ကဲခြင်းလုပ်ငန်း |
| ၁၃ | လျှပ်စစ်ဓာတ်အားကုန်သွယ်ခြင်းလုပ်ငန်း |
| ၁၄ | လျှပ်စစ်ဆိုင်ရာ စစ်ဆေးရေးလုပ်ငန်း |
| ၁၅ | သဘာဝပတ်ဝန်းကျင်နှင့် ကျန်းမာရေးကိုထိခိုက်ပျက်စီးစေနိုင်သော ဓာတုဗေဒပစ္စည်းများ ဖြစ်သည့် MTBE (Methyl Tertiary Butyl Ether)၊ TEL (Tetra Ethyl Lead) တို့ကို ရေနံချက်စက်ရုံများတွင် ထုတ်လုပ်သုံးစွဲမှုနှင့် တင်သွင်းသုံးစွဲသည့်လုပ်ငန်း |
| ၁၆ | ပြည်သူတို့၏ ကျန်းမာရေးထိခိုက်စေနိုင်သော၊ လူတို့ကို ဘေးအန္တရာယ်ဖြစ်စေနိုင်သော မြေထု/ ရေထု/လေထုတွင် ညစ်ညမ်းစေသည့်အခိုးအငွေ့၊ အနံ့အသက်၊ အမှုန်အမွှား၊ အသံဗလံ၊ ဓာတုပစ္စည်းများ၊ ဓာတ်သတ္တုများနှင့် ဓာတ်ရောင်ခြည်များ ထွက်ပေါ်နိုင်သည့် စက်ရုံ အလုပ်ရုံလုပ်ငန်းများ |
| ၁၇ | မြစ်ကြောင်းရေလမ်းနယ်မြေအတွင်း ရွှေအပါအဝင် သတ္တုသယံဇာတ တူးဖော်ခြင်းလုပ်ငန်း |
| ၁၈ | လေကြောင်းထိန်းသိမ်းကွပ်ကဲလမ်းညွှန်ဝန်ဆောင်မှုလုပ်ငန်း |
| ၁၉ | ရေကြောင်းပြလုပ်ငန်း |
| ၂၀ | ပုံနှိပ်နှင့်အသံလွှင့်မီဒီယာလုပ်ငန်းကို ပူးတွဲလုပ်ကိုင်ခြင်း |
| ၂၁ | မြန်မာအပါအဝင် တိုင်းရင်းသားဘာသာဖြင့်ထုတ်ဝေသော အချိန်မှန်ထုတ် စာနယ်ဇင်း ပုံနှိပ်ဖြန့်ချိခြင်းများ |

**နိုင်ငံသားနှင့် ဖက်စပ်စနစ်ဖြင့်သာ ဆောင်ရွက်ခွင့်ပြုသည့် စီးပွားရေးလုပ်ငန်းအမျိုးအစားများစာရင်း**

| အမှတ်စဉ် | စီးပွားရေးလုပ်ငန်းအမျိုးအစား |
|---|---|
| ၁ | စပ်မျိုးစေ့များ ထုတ်လုပ်ဖြန့်ချိရေးလုပ်ငန်းများ |
| ၂ | အထွက်တိုးမျိုးများနှင့် နိုင်ငံတွင်းဒေသခံမျိုးများ သန့်စင်ထုတ်လုပ်ဖြန့်ချိရေး လုပ်ငန်းများ |
| ၃ | ဘီစကွတ်၊ ဝေဖာ၊ ခေါက်ဆွဲ၊ မာကရိုနီ၊ ကြာဆံ၊ မြူစွမ်စသည့် အခြားနှံစားသီးနှံထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း |
| ၄ | သကြားလုံး၊ ကိုကိုး၊ ချောကလက်အပါအဝင် မုန့်အချိုအမျိုးမျိုးထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း |
| ၅ | နို့နှင့် နို့ထွက်ပစ္စည်းမှအပ အခြားစားသောက်ကုန်ပစ္စည်းများ ပြုပြင်ထုတ်လုပ်ခြင်း၊ စည်သွတ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း |

| **အမှတ်စဉ်** | **စီးပွားရေးလုပ်ငန်းအမျိုးအစား** |
|---|---|
| ၆ | မှယောဖောက်လုပ်ခြင်း၊ မှယောဖောက်လုပ်ခြင်းဖြင့် ထုတ်လုပ်မည့် ယမကာပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း |
| ၇ | အရက်၊ အရက်ပြန်စသည့် ယမကာနှင့် ယမကာမဟုတ်သော ပစ္စည်းထုတ်လုပ်ခြင်း၊ ရောစပ်ခြင်း၊ သန့်စင်ခြင်း၊ ပုလင်းသွင်းခြင်း စသည့်လုပ်ငန်းများနှင့် ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းများ |
| ၈ | ရေခဲအမျိုးမျိုးထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း |
| ၉ | သောက်ရေသန့် လုပ်ငန်းများ |
| ၁၀ | ချည်ကြိုးအမျိုးမျိုးထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း |
| ၁၁ | ကြွေရည်သုတ်ပစ္စည်းများ အိုး၊ ခွက်၊ ပန်းကန်၊ ဇွန်း၊ ဓား၊ ခက်ရင်း စသည့် ပစ္စည်းအမျိုးမျိုး ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း |
| ၁၂ | ပလတ်စတစ်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်ခြင်းနှင့်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း |
| ၁၃ | ရော်ဘာနှင့် ပလတ်စတစ် ထုတ်လုပ်ခြင်းလုပ်ငန်း |
| ၁၄ | ထုပ်ပိုးခြင်းလုပ်ငန်း |
| ၁၅ | သားရေတုမှအပ သားရေစိမ်း၊ သားရေအမျိုးမျိုးနှင့် သားရေဖြင့်ပြုလုပ်သော ဖိနပ်၊ လက်ကိုင်အိတ် စသည်များ အပါအဝင် သားရေပစ္စည်းအမျိုးမျိုးထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း |
| ၁၆ | စက္ကူအမျိုးမျိုးထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း |
| ၁၇ | မှိုင်းခံစက္ကူ၊ ဖယောင်းစက္ကူ၊ ရေအိမ်သုံးစက္ကူစသည်များအပါအဝင် စက္ကူနှင့် ကတ်ထူစက္ကူများဖြင့် ပြုလုပ်သည့် ပစ္စည်းအမျိုးမျိုး ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း |
| ၁၈ | ပြည်တွင်း သဘာဝ သယံဇာတများအပေါ် မူတည်၍ ထုတ်လုပ်သော ဓာတုပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း |
| ၁၉ | မီးလောင်လွယ်သော အခဲ၊ အရည်၊ အငွေ့နှင့် အေရိုဆော် (Acetylene, Gasoline, Propane, Hair Sprays, Perfume, Deodorant, Insect Spray) ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်း |
| ၂၀ | ဓာတ်တိုးစေသည့် ဓာတုပစ္စည်းများ (Oxygen, Hydrogen Peroxide)၊ ဖိသိပ်ထားသော ဓာတ်ငွေ့ (Acetone, Argon, Hydrogen, Nitrogen, Acetylene) ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်း |
| ၂၁ | လောင်စားတတ်သည့် ဓာတုပစ္စည်း (Sulfuric Acid, Nitric Acid) ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူး ရောင်းချခြင်းလုပ်ငန်း |
| ၂၂ | စက်မှုသုံးဓာတုဓာတ်ငွေ့အမျိုးမျိုး (အငွေ့၊ အရည်၊ အခဲ) ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်း |
| ၂၃ | ဆေးဝါးကုန်ကြမ်းထုတ်လုပ်သည့်လုပ်ငန်း |
| ၂၄ | အဆင့်မြင့်နည်းပညာသုံး ထုတ်လုပ်သော ကာကွယ်ဆေးများ ထုတ်လုပ်ခြင်းလုပ်ငန်း |

| အမှတ်စဉ် | စီးပွားရေးလုပ်ငန်းအမျိုးအစား |
|---|---|
| ၂၅ | စက်မှုတွင်းထွက်ကုန်ကြမ်းနှင့် သတ္တုကဏ္ဍဆိုင်ရာလုပ်ငန်းများ စမ်းသပ်ရှာဖွေခြင်းနှင့် စမ်းသပ်တိုင်းတာခြင်းလုပ်ငန်း |
| ၂၆ | ဓာတ်သတ္တုအကြီးစား တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း |
| ၂၇ | အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ တံတားတည်ဆောက်ရေးတွင် အသုံးပြုမည့် တံတား သံပေါင်၊ ကွန်ကရစ်ပစ္စည်းများ ကြိုတင်ထုတ်လုပ်/သွန်းလောင်းပစ္စည်းစက်ရုံ၊ အလုပ်ရုံများ ထူထောင်သည့်လုပ်ငန်း |
| ၂၈ | တံတားကြီးများ၊ အဝေးပြေးလမ်းမကြီးများ၊ ခုံးကျော်တံတားကြီးများ၊ မြေအောက်ရထား လမ်းများစသည့် လမ်းပန်းဆက်သွယ်မှု ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ တည်ဆောက်ခြင်း လုပ်ငန်း |
| ၂၉ | နိုင်ငံတကာအဆင့်မီ ဂေါက်ကွင်း/အပန်းဖြေနေရာများဖော်ထုတ်တည်ထောင်ခြင်းလုပ်ငန်း |
| ၃၀ | လူနေအိမ်ခန်းအဆောက်အအုံ/စုပေါင်းပိုင် အဆောက်အအုံတည်ထောင်ရောင်းချခြင်း၊ ငှားရမ်းခြင်းလုပ်ငန်း |
| ၃၁ | ရုံးခန်း/စီးပွားရေးအဆောက်အအုံ တည်ထောင်ရောင်းချခြင်းလုပ်ငန်း |
| ၃၂ | စက်မှုဇုန်များနှင့်ဆက်စပ်သော လူနေဧရိယာများ၌ လူနေအိမ်ခန်းအဆောက်အအုံများ တည်ထောင်ရောင်းချခြင်း၊ ငှားရမ်းခြင်းလုပ်ငန်း |
| ၃၃ | ပြည်သူအများ ဝယ်ယူနိုင်စွမ်းရှိသော အိမ်ရာဆောက်လုပ်တည်ထောင်ခြင်းလုပ်ငန်း |
| ၃၄ | မြို့သစ်ဖော်ထုတ်တည်ထောင်ခြင်းလုပ်ငန်း |
| ၃၅ | ပြည်တွင်းလေကြောင်းပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း |
| ၃၆ | နိုင်ငံတကာလေကြောင်းပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း |
| ၃၇ | ရေယာဉ်များဖြင့်ခရီးသည်နှင့် ကုန်စည်ပို့ဆောင်သည့်လုပ်ငန်းများ ဆောင်ရွက်ခြင်း |
| ၃၈ | သင်္ဘောကျင်းများတွင် ရေယာဉ်သစ်များတည်ဆောက်ခြင်းနှင့် ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း |
| ၃၉ | ကုန်းတွင်းကုန်သေတ္တာစခန်း ဆောက်လုပ်ခြင်းနှင့် ကုန်သိုလှောင်ရုံများဆောက်လုပ်၍ မြစ်တွင်း ဆိပ်ကမ်း ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း |
| ၄၀ | ရထားတွဲသစ်များနှင့် စက်ခေါင်းသစ်ထုတ်လုပ်ခြင်းလုပ်ငန်း |
| ၄၁ | ပုဂ္ဂလိကအထူးကုဆေးရုံ/ပုဂ္ဂလိကအထူးကုတိုင်းရင်းဆေးရုံများလုပ်ငန်း |
| ၄၂ | ခရီးသွားလုပ်ငန်း |

## သီးခြားပြဋ္ဌာန်းထားသည့် အခြေအနေတစ်ရပ်ရပ်ဖြင့် ဆောင်ရွက်ခွင့်ပြုသည့် စီးပွားရေးလုပ်ငန်းအမျိုးအစားများစာရင်း

**၁။ သက်ဆိုင်ရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ဖြင့် ဆောင်ရွက်ခွင့်ပြုသည့် စီးပွားရေးလုပ်ငန်း အမျိုးအစားများစာရင်း**

| အမှတ်စဉ် | | စီးပွားရေးလုပ်ငန်းအမျိုးအစား | ကန့်သတ်ချက် |
|---|---|---|---|
| (၁) | | (၂) | (၃) |
| 1 | | **လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** | |
| | 1 | မျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးခြင်းလုပ်ငန်း | ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ကို ရယူဆောင်ရွက်ရမည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ သဘောထားမှတ်ချက် ရယူဆောင်ရွက်ရမည်။ |
| | 2 | ဓာတ်မြေဩဇာစက်ရုံ တည်ဆောက်ထုတ်လုပ်ခြင်းလုပ်ငန်းများ | ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ကို ရယူဆောင်ရွက်ရမည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ သဘောထားမှတ်ချက် ရယူဆောင်ရွက်ရမည်။ |
| | 3 | ပိုးသတ်ဆေးထုတ်လုပ်ခြင်းနှင့် ပြန်လည်ထုပ်ပိုးခြင်းလုပ်ငန်း | ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ကို ရယူ ဆောင်ရွက်ရမည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ သဘောထားမှတ်ချက် ရယူ ဆောင်ရွက်ရမည်။ |
| | 4 | လယ်ယာစိုက်ပျိုးရေးသုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်း | ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ကို ရယူဆောင်ရွက်ရမည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ရယူ ဆောင်ရွက်ရမည်။ |
| | 5 | လယ်ယာလုပ်ငန်းသုံး စက်နှင့်စက်ကိရိယာ ထုတ်လုပ်ခြင်းလုပ်ငန်း | ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ကို ရယူ ဆောင်ရွက်ရမည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ သဘောထားမှတ်ချက် ရယူဆောင်ရွက်ရမည်။ |
| | 6 | သီးနှံစိုက်ပျိုးထုတ်လုပ်ရေးနှင့် ယင်းနှင့် သက်ဆိုင်သည့် ဝန်ဆောင်မှုလုပ်ငန်း | ပြည်ထောင်စု အစိုးရအဖွဲ့၏ အတည်ပြုချက်ကို ရယူ ဆောင်ရွက်ရမည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ သဘောထားမှတ်ချက် ရယူ ဆောင်ရွက်ရမည်။ |
| | 7 | ခေတ်မီမြေယာဖော်ထုတ်ရေးလုပ်ငန်းများ | ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ကို ရယူဆောင်ရွက်ရမည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ သဘောထားမှတ်ချက် ရယူ ဆောင်ရွက်ရမည်။ |
| 2 | | **မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန** | |
| | 1 | ပျားနှင့်ပျားထွက်ပစ္စည်းလုပ်ငန်း | GMP နည်းစနစ်ဖြင့် ထုတ်လုပ်ရမည်။ နိုင်ငံတော်မှ ထုတ်ပြန်ထားသော အစားအသောက်အတွက် |

| အမှတ်စဉ် | | စီးပွားရေးလုပ်ငန်းအမျိုးအစား | ကန့်သတ်ချက် |
|---|---|---|---|
| (၁) | | (၂) | (၃) |
| | | | ထုတ်လုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရမည်။ နိုင်ငံခြားများမှ နည်းပညာနှင့် ဈေးကွက်များ ရရှိရမည်။ |
| | 2 | ငါးဖမ်းပိုက်ထုတ်လုပ်သည့် စက်ရုံလုပ်ငန်း | ငါးလုပ်ငန်းဦးစီးဌာန၏ ဥပဒေ လုပ်ထုံးလုပ်နည်း အမိန့်ညွှန်ကြားချက်၊ စည်းမျဉ်းစည်းကမ်းနှင့် အညီ ဆောင်ရွက်ရမည်။ ငါးဖမ်းလုပ်ငန်းဖွံ့ဖြိုးသည့်ဒေသများတွင် စက်ရုံများ တည်ဆောက်ရမည်။ သတ်မှတ်ပိုက်ကွက် အရွယ်အစားကိုသာ ထုတ်လုပ်ရမည်။ |
| | 3 | ငါးချဆိပ်ကမ်း၊ ငါးလေလံဈေး တည်ဆောက်ရေးလုပ်ငန်း | ငါးလုပ်ငန်းဦးစီးဌာန၏ ဥပဒေလုပ်ထုံးလုပ်နည်း အမိန့်ညွှန်ကြားချက်၊ စည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်ရမည်။ ငါးချဆိပ်ကမ်းနှင့် ငါးလေလံဈေးကို တွဲလျက် တည်ဆောက်ရန်နှင့် သန့်ရှင်းမှု လုံခြုံမှုစနစ်များကို အဆင့်မြင့်ပြီး ခေတ်မီစွာ တည်ဆောက်ရမည်။ |
| | 4 | ရေထွက်ပစ္စည်းဓာတ်ခွဲစစ်ဆေးလုပ်ငန်း | ISO 17025 စနစ် ကျင့်သုံးသော ရေအရည်အသွေးစစ်ဆေးခြင်းနှင့် ထုတ်ကုန်များအား စစ်ဆေးခြင်းများ ပြုလုပ်နိုင်ရမည်။ |
| | 5 | ရေချို/ရေငန်ငါးမွေးမြူရေးလုပ်ငန်း | ပြည်တွင်းရှိ ဇီဝမျိုးစုံ/မျိုးကွဲများကို ထိခိုက်စေနိုင်သော ငါးအမျိုးအစားများကို ခွင့်မပြု။ |
| 3 | | **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန** | |
| | 1 | အမျိုးသားဥယျာဉ်လုပ်ငန်း | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက် ရယူဆောင်ရွက်ရမည်။ |
| | 2 | သစ်အခြေခံ စက်မှုလုပ်ငန်းများနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက် ရယူဆောင်ရွက်ရမည်။ |
| | 3 | သဘာဝအခြေခံခရီးသွားလုပ်ငန်း | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက် ရယူဆောင်ရွက်ရမည်။ |
| | 4 | ကာဗွန်ထုတ်လုပ်မှုလျှော့ချခြင်းနှင့် ဆက်စပ်နေသည့် စီးပွားရေးလုပ်ငန်းများ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက် ရယူဆောင်ရွက်ရမည်။ |
| | 5 | သစ်တောနယ်မြေ (ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တော) ကို နှစ်ရှည်ငှားရမ်းပြီး သစ်ခုတ်လှဲထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ခြင်း | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက် ရယူဆောင်ရွက်ရမည်။ |

| အမှတ်စဉ် | | စီးပွားရေးလုပ်ငန်းအမျိုးအစား | ကန့်သတ်ချက် |
|---|---|---|---|
| (၁) | | (၂) | (၃) |
| | 6 | မျိုးရိုးဗီဇပြုပြင်ပြောင်းလဲထားသော ပစ္စည်း (Genetically Modified Organism) နှင့် ပြုပြင်ပြောင်းလဲထားသော သက်ရှိပစ္စည်း (Living Modified Organism) များကို ပြည်ပမှ တင်သွင်းခြင်းလုပ်ငန်း | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက် ရယူဆောင်ရွက်ရမည်။ |
| | 7 | သစ်တောစိုက်ခင်း တည်ထောင်ခြင်းဆိုင်ရာ စည်းစနစ်များနှင့်စက်ကိရိယာများ၊ ပေါင်းသတ်ဆေး၊ ပိုးသတ်ဆေး၊ အားတိုးဆေးများ၊ သစ်မျိုးများ ပြည်ပမှ တင်သွင်း/သယ်ယူခြင်း | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ရယူဆောင်ရွက်ရမည်။ |
| | 8 | အဖိုးတန်သော၊ ရှားပါးသော သစ်မျိုးများ မျိုးကောင်း မျိုးသန့်ထုတ်လုပ်ခြင်း၊ ထိန်းသိမ်းခြင်း၊ တစ်သျှူးမွေးမြူ ထုတ်လုပ်ခြင်းအစရှိသည့် သစ်တောကဏ္ဍ အဆင့်မြင့် နည်းပညာ သုတေသနလုပ်ငန်းနှင့် စီးပွားဖြစ်လုပ်ကိုင် ဆောင်ရွက်သည့်လုပ်ငန်းများ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက် ရယူဆောင်ရွက်ရမည်။ |
| | ၉ | သစ်တောစိုက်ခင်း (ကျွန်း၊ သစ်မာ၊ရော်ဘာ၊ ဝါး၊ ကြိမ်အစ ရှိသည့်စိုက်ခင်း) များ တည်ထောင်လုပ်ကိုင်ခြင်းလုပ်ငန်း | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက် ရယူဆောင်ရွက်ရမည်။ |
| | ၁၀ | သစ်အခြေခံစက်မှုလုပ်ငန်း (သစ်ခွဲစိတ်ခြင်း၊ သစ်အခြေခံအချောထည် ထုတ်ကုန်များ ထုတ်လုပ်ခြင်း) | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက် ရယူဆောင်ရွက်ရမည်။ |
| | ၁၁ | သစ်နှင့်သစ်အခြေခံ အချောထည်ထုတ်ကုန်များ ပြည်တွင်း/ပြည်ပ ကူးသန်းရောင်းဝယ်ဖောက်ကားခြင်းလုပ်ငန်း | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက် ရယူဆောင်ရွက်ရမည်။ |
| | ၁၂ | သစ်တောကဏ္ဍ အဆင့်မြင့်နည်းပညာ၊ သုတေသနဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက် ရယူဆောင်ရွက်ရမည်။ |
| | ၁၃ | သစ်တောနယ်မြေနှင့် သစ်တောဖုံးလွှမ်းလျက်ရှိသော အစိုးရက စီမံပိုင်ခွင့်ရှိသည့် မြေတွင်သယံဇာတအရင်းအမြစ်များ တူးဖော်ထုတ်လုပ်ခြင်း | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက် ရယူဆောင်ရွက်ရမည်။ |
| | ၁၄ | အပင်နှင့် တိရစ္ဆာန်မျိုးစိတ်များကို ပြည်ပမှ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ မွေးမြူထုတ်လုပ်ခြင်း၊ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ရယူဆောင်ရွက်ရမည်။ |
| | ၁၅ | အခြေခံပစ္စည်းဖြစ်သော ခွဲသားထုတ်လုပ်မှုလုပ်ငန်း | နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုကို ၂၅ ရာခိုင်နှုန်းထက် ပို၍ခွင့်မပြုပါ။ |
| | ၁၆ | တစ်ဆင့်တက်ထုတ်ကုန် အုပ်စုများ တစ်ပိုင်းတစ်စ ထုတ်လုပ်သည့်လုပ်ငန်း | နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုကို ၃၅ ရာခိုင်နှုန်းထက် ပို၍ခွင့်မပြုပါ။ |

| အမှတ်စဉ် | | စီးပွားရေးလုပ်ငန်းအမျိုးအစား | ကန့်သတ်ချက် |
|---|---|---|---|
| (၁) | | (၂) | (၃) |
| | ၁၇ | ရင်းနှီးမြှုပ်နှံမှုများစွာ လိုသော အဆင့်မြင့်နည်းပညာနှင့် ထုတ်လုပ်သည့်လုပ်ငန်း | နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုကို ၄၉ ရာခိုင်နှုန်းထက် ပို၍ ခွင့်မပြုပါ။ |
| | ၁၈ | သစ်လုံးများထုတ်ယူ၍ ပြည်ပတင်ပို့ရောင်းချခြင်း | ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်ဆောင်ရွက်ရမည်။ |
| ၄ | | **သတ္တုတွင်းဝန်ကြီးဌာန** | |
| | ၁ | ဓာတ်သတ္တုရှာဖွေရန်/စမ်းသပ်တိုင်းတာရန်နှင့် ဖြစ်မြောက်နိုင်စွမ်း လေ့လာရေးလုပ်ငန်း | ဓာတ်သတ္တု ရှာဖွေရန်အတွက် (၂)နှစ်ထက် မပိုသော သက်တမ်းနှင့် ဓာတ်သတ္တု စမ်းသပ်တိုင်းတာရန်အတွက် (၃) နှစ်ထက်မပိုသော သက်တမ်း၊ ဖြစ်မြောက်နိုင်စွမ်း လေ့လာရန်အတွက် (၂)နှစ်ထက်မပိုသော သက်တမ်းသာ ခွင့်ပြုမည်။ ဓာတ်သတ္တုရှာဖွေရန်/ စမ်းသပ်တိုင်းတာရန်နှင့် ဖြစ်မြောက်နိုင်စွမ်း လေ့လာရန် ခွင့်ပြုမိန့် သက်တမ်း မကုန်မီ (၃)လ ကြိုတင်၍ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားရမည်။ |
| | ၂ | ဓာတ်သတ္တု အကြီးစားထုတ်လုပ်မှုလုပ်ငန်း | ပြည်ထောင်စု အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်ဆောင်ရွက်ရမည်။ ခွင့်ပြုသက်တမ်းမှာ (၁၅)နှစ်ဖြစ်ပြီး သက်တမ်းတိုး လျှောက်ထားမှုအား တစ်ကြိမ်လျှင် (၅)နှစ်စီ သက်တမ်းတိုး (၄)ကြိမ် ခွင့်ပြုနိုင်ပါသည်။ ဓာတ်သတ္တု အကြီးစား ထုတ်လုပ်မှု ခွင့်ပြုမိန့် သက်တမ်းမကုန်မီ (၆)လ ကြိုတင်၍ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားရမည်။ သတ္တုသိုက်၊ ပမာဏ၊ ထုတ်လုပ်ရန် လျာထားသတ်မှတ်ချက်နှင့် ထုတ်လုပ်မည့် သက်တမ်း (Mining Life) တို့ကို စိစစ်၍ ခွင့်ပြုမည်ဖြစ်ပါသည်။ |
| | ၃ | မြေရှားသတ္တု (Rare Earths)၊ ရှားပါးသတ္တု (Strategic Minerals)နှင့် ရေဒီယိုသတ္တိကြွသတ္တု (Radioactive Minerals) လုပ်ငန်းများ ကျောက်မျက်ရတနာ၊ လက်ဝတ်ရတနာနှင့် အချောထည် (ရုပ်တု၊ ရုပ်ထွင်း ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း) | နိုင်ငံတော်နှင့် ပူးပေါင်းပြီး ဖက်စပ် (Joint Venture) စနစ်ဖြင့်သာ ခွင့်ပြုမည်။ |
| | ၄ | ပုလဲမွေးမြူထုတ်လုပ်ခြင်းလုပ်ငန်း | ခွင့်ပြုသက်တမ်းမှာ (၁၅)နှစ်ဖြစ်ပြီး သက်တမ်းတိုးလျှောက်ထားမှုအား တစ်ကြိမ်လျှင် (၅)နှစ်စီဖြင့် သက်တမ်းတိုး (၂)ကြိမ် ခွင့်ပြုမည်။ ခွင့်ပြုမိန့်သက်တမ်းမကုန်မီ (၁)နှစ် ကြိုတင်၍ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားရမည်။ |
| | ၅ | ကျောက်မီးသွေး၊ ဂရင်းနိုက်ကျောက်စသည်တို့ကို ထုတ်လုပ်၍ သတ္တုကုန်ကြမ်းများ ပြည်ပသို့ တင်ပို့ရောင်းချခြင်းလုပ်ငန်း | ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်ဆောင်ရွက်ရမည်။ |

| အမှတ်စဉ် | | စီးပွားရေးလုပ်ငန်းအမျိုးအစား | ကန့်သတ်ချက် |
|---|---|---|---|
| (၁) | | (၂) | (၃) |
| ၅ | | **စက်မှုဝန်ကြီးဌာန** | |
| | ၁ | ဟင်းသီးဟင်းရွက်၊ တိရစ္ဆာန်နှင့် အခြားမှဆီနှင့် ဆီခဲများ ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်း | ပြည်တွင်းထွက် ကုန်ကြမ်းပစ္စည်းများအား အနည်းဆုံး (၈၀ ရာခိုင်နှုန်း) အသုံးပြုရမည်။ |
| | ၂ | အဖျော်ယမကာ၊ ဘိလပ်ရည်နှင့် အခြားဖျော်ရည်များ ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်း | ပြည်တွင်းထွက် ကုန်ကြမ်းပစ္စည်းများအား အနည်းဆုံး (၂၀ ရာခိုင်နှုန်း) အသုံးပြုရမည်။ ပြည်တွင်းထွက် သီးနှံကုန်ကြမ်းပစ္စည်းများအား စက်ရုံဆောက်ပြီး (၃) နှစ်နောက်ပိုင်းတွင် အနည်းဆုံး ၆၀ ရာခိုင်နှုန်း အသုံးပြုရန်ဖြစ်ပါသည်။ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေသောစက်ရုံများ ဖြစ်ရမည်။ |
| | ၃ | ဟင်းချိုမှုန့် ထုတ်လုပ်ခြင်းလုပ်ငန်း | ပထမ (၃) နှစ်အတွင်း ပြည်တွင်းကုန်ကြမ်းများကိုသာ အဓိကအသုံးပြုသည့် ထုတ်လုပ်မှုအဆင့်သို့ ပြောင်းလဲရမည်။ |
| | ၄ | စီးကရက်ထုတ်လုပ်ခြင်းလုပ်ငန်း | ပြည်တွင်းဆေးရွက်ကြီးများအား ပထမ(၃)နှစ် ၅၀ ရာခိုင်နှုန်းအသုံးပြုခြင်း (သို့မဟုတ်) ပြည်တွင်းဆေးရွက်ကြီးများ ပြည်ပသို့ ရောင်းချခြင်းမှရရှိသော ဝင်ငွေဖြင့် ဝယ်ယူရရှိသောကုန်ကြမ်းကို အနည်းဆုံး ၅၀ ရာခိုင်နှုန်း အသုံးပြုထုတ်လုပ်ရမည်။ ပြည်ပသို့ ၉၀ ရာခိုင်နှုန်း တင်ပို့ရမည်။ ရင်းနှီးမြှုပ်နှံမှုအဆိုပြုချက်တွင် ပြည်တွင်းကုန်ကြမ်း အသုံးပြုမည့် အစီအစဉ်ဇယားနှင့် ပြည်ပတင်ပို့မည့် အစီအစဉ်ဇယား ထည့်သွင်းတင်ပြရမည်။ |
| | ၅ | ရေမွှေး၊ အလှကုန် ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်း | ပြည်တွင်းထုတ်ကုန်ကြမ်းများကို စက်ရုံ တည်ဆောက်ပြီး (၅) နှစ်အတွင်း (၅၀ ရာခိုင်နှုန်း) အသုံးပြုရမည်။ |
| | ၆ | ပေါက်ကွဲနိုင်သောဓာတုပစ္စည်းများ (TNT, Nitro-glycerin, Ammonium Nitrite) ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း | နိုင်ငံတော်အစိုးရနှင့်သာ ဖက်စပ်စနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုပါသည်။ |
| | ၇ | အလိုအလျောက် မီးလောင်သောအရည်၊ အခဲများ (Titanium Powder)၊ ကိုယ်တိုင်အပူထွက်သည့် ဓာတုပစ္စည်းများ (Potassium Sulfide)၊ အပူကြောင့် ဓာတ်ပြိုကွဲလွယ်သည့် ပစ္စည်းများနှင့် ရေနှင့်တွေ့လျှင် မီးလောင်လွယ်သော ဓာတ်ငွေ့ ထုတ်လွှတ်သောအရာများ (Calcium Phosphide) ထုတ်လုပ်ခြင်းနှင့်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း | နိုင်ငံတော်အစိုးရနှင့်သာ ဖက်စပ်စနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုပါသည်။ |

| **အမှတ်စဉ်** | | **စီးပွားရေးလုပ်ငန်းအမျိုးအစား** | **ကန့်သတ်ချက်** |
|---|---|---|---|
| (၁) | | (၂) | (၃) |
| | ၈ | သုတ်ဆေး၊ အရောင်တင်ဆီ၊ ဆိုးဆေး၊ ဖျက်ဆေး၊ ယွန်းဆေး စသည့် ဓာတုဗေဒပစ္စည်း ထုတ်ကုန်များ ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း | နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများအား ၇၀ ရာခိုင်နှုန်းအထိသာ မတည်ငွေရင်း ထည့်သွင်းခွင့်ပြုမည်။ |
| | ၉ | ကာကွယ်ဆေးများထုတ်လုပ်ခြင်းနှင့် မိမိထုတ်ကုန်ပစ္စည်းများ ဖြန့်ဖြူးရောင်းချခြင်း | နိုင်ငံတော်အစိုးရနှင့်သာဖက်စပ် (Joint Venture) ဆောင်ရွက်ရမည်။ အနိမ့်ဆုံး WHO၊ GMP စံနှုန်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။ |
| | ၁၀ | ပြည်ပကုန်ကြမ်းကို အသုံးပြုထုတ်လုပ်သော ဓာတုပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း | Hazardous, Explosive, Oxidized, Flammable ဖြစ်စေသော ဓာတုပစ္စည်းများအား ထုတ်လုပ်ခြင်းမှအပ ကျန်လုပ်ငန်းများကို နှစ်အကန့်အသတ်ဖြင့်သာ လုပ်ငန်းဆောင်ရွက်ခွင့်ပြုမည်။ |
| ၆ | | **လျှပ်စစ်စွမ်းအားဝန်ကြီးဌာန** | |
| | ၁ | ရေအားလျှပ်စစ်နှင့် ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံများတည်ထောင်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း | ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။ နိုင်ငံတော်အစိုးရနှင့် ဖက်စပ်ဆောင်ရွက်ပြီး B.O.T စနစ်ဖြင့်သာ ခွင့်ပြုသည်။ |
| ၇ | | **ပို့ဆောင်ရေးဝန်ကြီးဌာန** | |
| | ၁ | လေဆိပ်တည်ဆောက်ခြင်း ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသည် နားနေဆောင် ဝန်ဆောင်မှုပေးခြင်းလုပ်ငန်း | ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။ ပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောထား ရယူဆောင်ရွက်ရမည်။ |
| | ၂ | မြို့ပြလေကြောင်း ပညာရပ်များ သင်ကြားလေ့ကျင့်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်း | ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။ ပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောထား ရယူဆောင်ရွက်ရမည်။ |
| | ၃ | လေယာဉ်ပြုပြင်ထိန်းသိမ်းရေး ဝန်ဆောင်မှုလုပ်ငန်း | ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။ ပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောထား ရယူဆောင်ရွက်ရမည်။ |
| | ၄ | လေကြောင်းပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းနှင့် ဈေးကွက်ရှာဖွေခြင်း ဝန်ဆောင်မှုလုပ်ငန်း | ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။ ပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောထား ရယူဆောင်ရွက်ရမည်။ |
| | ၅ | ကွန်ပျူတာကွန်ရက်သုံးစနစ်ဖြင့် လေယာဉ်လက်မှတ် ရောင်းချခြင်း ဝန်ဆောင်မှုလုပ်ငန်း | ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။ ပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောထား ရယူဆောင်ရွက်ရမည်။ |
| | ၆ | လေယာဉ်အမှုထမ်းများမပါ လေယာဉ်ငှားရမ်းပေးသည့် ဝန်ဆောင်မှုလုပ်ငန်း | ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။ ပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောထား ရယူဆောင်ရွက်ရမည်။ |
| | ၇ | လေယာဉ်အမှုထမ်းများ အပါအဝင် လေယာဉ်ငှားရမ်းပေးသည့် ဝန်ဆောင်မှုလုပ်ငန်း | ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။ ပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောထား ရယူဆောင်ရွက်ရမည်။ |

| အမှတ်စဉ် | | စီးပွားရေးလုပ်ငန်းအမျိုးအစား | ကန့်သတ်ချက် |
|---|---|---|---|
| (၁) | | (၂) | (၃) |
| | ၈ | လေကြောင်းဖြင့် ကုန်စည်တင်ပို့ပေးခြင်း ဝန်ဆောင်မှုလုပ်ငန်း | ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။ ပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောထား ရယူဆောင်ရွက်ရမည်။ |
| | ၉ | လေကြောင်းကုန်စည်တင်ချပေးသည့်ဝန်ဆောင်မှု လုပ်ငန်း | ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။ ပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောထား ရယူဆောင်ရွက်ရမည်။ |
| | ၁၀ | လေကြောင်းလိုင်းများအတွက် လေယာဉ်တင် အစားအသောက်များ ထုတ်လုပ်ဖြန့်ဖြူးပေးသည့် ဝန်ဆောင်မှုလုပ်ငန်း | ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။ ပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောထား ရယူဆောင်ရွက်ရမည်။ |
| | ၁၁ | လေကြောင်းလိုင်းများသို့ လေယာဉ်ဆီ ဖြန့်ဖြူး ပေးသည့် ဝန်ဆောင်မှုလုပ်ငန်း | ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။ ပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောထား ရယူဆောင်ရွက်ရမည်။ |
| | ၁၂ | လေယာဉ်အား အသေးစား စစ်ဆေးပြုပြင် ထိန်းသိမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း | ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။ ပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောထား ရယူဆောင်ရွက်ရမည်။ |
| | ၁၃ | လေယာဉ်ဆိုက်ရောက်/ရပ်နား/ထွက်ခွာချိန်တွင် လေယာဉ် ရပ်နားရာနေရာ၌ မြေပြင်အထောက် အကူပြု ဝန်ဆောင်မှုလုပ်ငန်း | ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။ ပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောထား ရယူဆောင်ရွက်ရမည်။ |
| | ၁၄ | ခရီးသည်များ၏ ဝန်စည်စလယ်များအားမြေပြင် အထောက်အကူပြု ဝန်ဆောင်မှုပေးသည့်လုပ်ငန်း | ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။ ပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောထား ရယူဆောင်ရွက်ရမည်။ |
| | ၁၅ | လေကြောင်းခရီးသည်များ ဆိုက်ရောက်ချိန်၊ ထွက်ခွာချိန်တွင် လေဆိပ်၌ ဝန်ဆောင်မှုပေးသည့် လုပ်ငန်း | ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။ ပို့ဆောင်ရေး ဝန်ကြီးဌာန၏ သဘောထား ရယူဆောင်ရွက်ရမည်။ |
| | ၁၆ | လေယာဉ် မြေပြင်ဝန်ဆောင်မှုလုပ်ငန်း | ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။ ပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောထား ရယူဆောင်ရွက်ရမည်။ |
| | ၁၇ | လေဆိပ်ဟိုတယ်လုပ်ငန်း | ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။ ပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောထား ရယူဆောင်ရွက်ရမည်။ |
| | ၁၈ | လေယာဉ် အပိုပစ္စည်းရောင်းချခြင်းနှင့် ဈေးကွက်ရှာ ဖွေခြင်းလုပ်ငန်း | ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။ ပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောထား ရယူဆောင်ရွက်ရမည်။ |
| | ၁၉ | ရေကြောင်းဘက်ဆိုင်ရာ လေ့ကျင့်ရေးသင်တန်း ကျောင်းများ တည်ထောင်ဖွင့်လှစ်ခြင်း | ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။ ဖက်စပ် (Joint Venture) ဖြင့်သာ ဆောင်ရွက်ရမည်။ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးသည် အမေရိကန်ဒေါ်လာတစ်သန်းထက် မနည်းစေရ။ |

| အမှတ်စဉ် | | စီးပွားရေးလုပ်ငန်းအမျိုးအစား | ကန့်သတ်ချက် |
|---|---|---|---|
| (၁) | | (၂) | (၃) |
| | ၂၀ | နိုင်ငံခြားသားပိုင် ပင်လယ်ကူးသင်္ဘောကြီးများအတွက် ကိုယ်စားလှယ်လုပ်ငန်း | နိုင်ငံတော်အစိုးရနှင့်သာ ဖက်စပ်ဆောင်ရွက်ရမည်။ |
| | ၂၁ | သင်္ဘောကျင်းလုပ်ငန်းများ | နိုင်ငံတော်အစိုးရနှင့်သာ ဖက်စပ်ဆောင်ရွက်ရမည်။ |
| | ၂၂ | ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးပိုင်မြေများတွင် ရေကြောင်း သယ်ယူပို့ဆောင်ရေးနှင့် ဆက်စပ်သည့် လုပ်ငန်းများ | နိုင်ငံတော်အစိုးရနှင့်သာ ဖက်စပ်ဆောင်ရွက်ရမည်။ |
| | ၂၃ | အခြားသော ဆက်စပ်စီးပွားရေး လုပ်ငန်းများနှင့် အဆောက်အအုံများ ဆောက်လုပ်ခြင်းလုပ်ငန်းများ | နိုင်ငံတော်အစိုးရနှင့်သာ ဖက်စပ်ဆောင်ရွက်ရမည်။ |
| ၈ | | **ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန** | |
| | ၁ | ပြည်တွင်းပြည်ပစာပို့တိုက်လုပ်ငန်း | ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူရမည်။ |
| | ၂ | ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းနှင့် ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်း အမျိုးအစားများ | ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူရမည်။ |
| ၉ | | **စွမ်းအင်ဝန်ကြီးဌာန** | |
| | ၁ | ကုန်ကြမ်းအဖြစ်တင်သွင်းလာမည့် ရေနံနှင့် ရေနံထွက်ပစ္စည်းများ တင်သွင်းဖြန့်ဖြူးခြင်းလုပ်ငန်း | စွမ်းအင်ဝန်ကြီးဌာန၏ သဘောထားမှတ်ချက် ရယူဆောင်ရွက်ရမည်။ |
| | ၂ | ရေနံနှင့် သဘာဝဓာတ်ငွေ့ လေ့လာတိုင်းတာစမ်းသပ်ရှာဖွေခြင်း၊ တူးဖော်ခြင်းနှင့် စီးပွားဖြစ်ထုတ်လုပ်နိုင်စွမ်းရှိသည့် အဆင့်သို့ ရောက်ရှိစေရန် ဆောင်ရွက်ခြင်းလုပ်ငန်းများ | ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။ စွမ်းအင်ဝန်ကြီးဌာန၏ သဘောထားမှတ်ချက် ရယူဆောင်ရွက်ရမည်။ |
| | ၃ | ရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာ ဓာတ်ခွဲစမ်းသပ်ခြင်း လုပ်ငန်းအပါအဝင် ဝန်ဆောင်မှုလုပ်ငန်းများ | စွမ်းအင်ဝန်ကြီးဌာန၏ သဘောထားမှတ်ချက် ရယူဆောင်ရွက်ရမည်။ |
| | ၄ | ရေနံဓာတုဗေဒစက်ရုံများ တည်ဆောက်အကောင်အထည်ဖော်ခြင်း လုပ်ငန်းများ | ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။ စွမ်းအင်ဝန်ကြီးဌာန၏ သဘောထားမှတ်ချက် ရယူဆောင်ရွက်ရမည်။ |
| | ၅ | ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ရေနံထွက်ပစ္စည်းများ သယ်ယူ၊ သိုလှောင်၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ | စွမ်းအင်ဝန်ကြီးဌာန၏သဘောထားမှတ်ချက် ရယူဆောင်ရွက်ရမည်။ |
| ၁၀ | | **ကျန်းမာရေးဝန်ကြီးဌာန** | |
| | ၁ | ပုဂ္ဂလိကဆေးရုံ၊ အထူးကုဆေးရုံ/ဆေးခန်းများ | ကျန်းမာရေးဝန်ကြီးဌာန၏သဘောထားမှတ်ချက် ရယူ ဆောင်ရွက်ရမည်။ |
| | ၂ | အစိုးရ-ပုဂ္ဂလိက ဖက်စပ်ဆေးရုံ/ဆေးခန်းများ | ကျန်းမာရေးဝန်ကြီးဌာန၏သဘောထားမှတ်ချက် ရယူ ဆောင်ရွက်ရမည်။ |

| အမှတ်စဉ် | | စီးပွားရေးလုပ်ငန်းအမျိုးအစား | ကန့်သတ်ချက် |
|---|---|---|---|
| (၁) | | (၂) | (၃) |
| | ၃ | အစိုးရ-နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဆေးရုံ/ဆေးခန်းများ | ကျန်းမာရေးဝန်ကြီးဌာန၏သဘောထားမှတ်ချက်ရယူ ဆောင်ရွက်ရမည်။ နိုင်ငံတော်အစိုးရနှင့်သာ ဖက်စပ်ဆောင်ရွက်ရမည်။ |
| | ၄ | ပုဂ္ဂလိကရောဂါရှာဖွေရေးလုပ်ငန်း | ကျန်းမာရေးဝန်ကြီးဌာန၏ ကန့်သတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။ |
| | ၅ | ပုဂ္ဂလိကဆေးဝါးနှင့်ဆေးပစ္စည်းထုတ်လုပ်မှုလုပ်ငန်း | ကျန်းမာရေးဝန်ကြီးဌာန၏ ကန့်သတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။ |
| | ၆ | ရောဂါကာကွယ်ဆေးနှင့် စမ်းသပ်ပစ္စည်းထုတ်လုပ်မှုသုတေသနလုပ်ငန်း | ကျန်းမာရေးဝန်ကြီးဌာန၏ ကန့်သတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။ |
| | ၇ | ပုဂ္ဂလိကဆေးနှင့် ကျန်းမာရေးတက္ကသိုလ်နှင့်သင်တန်းကျောင်းများ | ကျန်းမာရေးဝန်ကြီးဌာန၏ ကန့်သတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။ |
| | ၈ | ကျန်းမာရေးအပေါ် အကျိုးသက်ရောက်မှုဆန်းစစ်ခြင်းလုပ်ငန်း | ကျန်းမာရေးဝန်ကြီးဌာန၏ ကန့်သတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။ |
| | ၉ | တိုင်းရင်းဆေးဝါးကုန်ကြမ်း (ပရဆေးပစ္စည်း) ရောင်းဝယ်ရေးလုပ်ငန်း | ကျန်းမာရေးဝန်ကြီးဌာန၏ ကန့်သတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။ |
| | ၁၀ | တိုင်းရင်းဆေးဖက်ဝင်အပင်များ စိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်း | ကျန်းမာရေးဝန်ကြီးဌာန၏ ကန့်သတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။ |
| | ၁၁ | တိုင်းရင်းဆေးသုတေသနနှင့်ဓာတ်ခွဲလုပ်ငန်း | ကျန်းမာရေးဝန်ကြီးဌာန၏ ကန့်သတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။ |
| | ၁၂ | တိုင်းရင်းဆေးဝါးများ ထုတ်လုပ်ခြင်းလုပ်ငန်း | ကျန်းမာရေးဝန်ကြီးဌာန၏ ကန့်သတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။ |
| ၁၁ | | **ဆောက်လုပ်ရေးဝန်ကြီးဌာန** | |
| | ၁ | ရုံးခန်း/စီးပွားရေးအဆောက်အအုံ တည်ထောင်ငှားရမ်းခြင်းလုပ်ငန်း | ရာနှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဖြစ်ပါက BOT စနစ်ဖြင့် ဆောင်ရွက်ရန်၊ နိုင်ငံခြားနှင့်နိုင်ငံသား ဖက်စပ်ဆောင်ရွက်ပါက နိုင်ငံသားကမြေနှစ်ရှည် အသုံးပြုခွင့်ကို ရှယ်ယာအဖြစ်ထည့်ဝင်ခြင်း (သို့) နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူသို့မြေငှားရမ်းခြင်းဖြင့်သာ ဆောင်ရွက်ရန်၊ ခွင့်ပြုလုပ်ငန်း သက်တမ်းကုန်ဆုံးပါက မြေကို ပြန်လည်အပ်နှံရန် မြို့ပြအမွေအနှစ် အဆောက်အဦဖြစ်ပါက မူလပုံစံ မပျက်စေဘဲ Conservation Management Plan နှင့်အညီ ဆောင်ရွက်ရမည်။ |
| | ၂ | အဆောက်အအုံ ဒီဇိုင်းရေးဆွဲခြင်း၊ အဆောက်အအုံ တာဝန်ယူတည်ဆောက်ပေးခြင်းနှင့် အခြားဆက်စပ်သည့် အကြံပေး/ဝန်ဆောင်မှုလုပ်ငန်းများ | အာဆီယံ အပြန်အလှန်အသိမှတ်ပြုအစီအစဉ် Mutual Recognition Arrangement-MRA အရ စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့် အညီ ဆောင်ရွက်ရန်၊ Myanmar National Building Code, Rules and Regulations များနှင့်အညီ ဆောင်ရွက်ရမည်။ |

| အမှတ်စဉ် | | စီးပွားရေးလုပ်ငန်းအမျိုးအစား | ကန့်သတ်ချက် |
|---|---|---|---|
| (၁) | | (၂) | (၃) |
| | ၃ | စက်ရုံအလုပ်ရုံများဆောက်လုပ်ခြင်း၊ စက်နှင့်စက်ပစ္စည်းများတပ်ဆင်ခြင်း၊ စမ်းသပ်လည်ပတ်ခြင်းဆိုင်ရာလုပ်ငန်းများ | အာဆီယံ အပြန်အလှန်အသိမှတ်ပြု အစီအစဉ် Mutual Recognition Arrangement-MRA အရစံချိန်စံညွှန်း သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန်၊ Myanmar National Building Code, Rules and Regulations များနှင့်အညီ ဆောင်ရွက်ရမည်။ |
| | ၄ | မြို့ပြအိမ်ရာကဏ္ဍကို အထောက်အကူပြုမည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ အမြောက်အမြား ထုတ်လုပ်ခြင်းလုပ်ငန်း | အာဆီယံ အပြန်အလှန်အသိမှတ်ပြု အစီအစဉ် Mutual Recognition Arrangement-MRA အရစံချိန်စံညွှန်း သတ်မှတ်ချက်များနှင့် အညီ ဆောင်ရွက်ရန်၊ Myanmar National Building Code, Rules and Regulations များနှင့်အညီ ဆောင်ရွက်ရမည်။ |
| | ၅ | အဆင့်မြင့်နည်းပညာသုံး Prefabrication ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်း | အာဆီယံ အပြန်အလှန်အသိမှတ်ပြု အစီအစဉ် Mutual Recognition Arrangement-MRA အရစံချိန်စံညွှန်း သတ်မှတ်ချက်များနှင့် အညီ ဆောင်ရွက်ရန်၊ Myanmar National Building Code, Rules and Regulations များနှင့်အညီ ဆောင်ရွက်ရမည်။ |
| | ၆ | သဘာဝဘေးအန္တရာယ်ခံနိုင်သော၊ အဆင့်မြင့်နည်းပညာသုံးအဆောက်အအုံ၊ ယင်းနှင့်ဆက်စပ်သော အဆင့်မြင့်နည်းပညာသုံး အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်းလုပ်ငန်း | အာဆီယံ အပြန်အလှန်အသိမှတ်ပြု အစီအစဉ် Mutual Recognition Arrangement-MRA အရစံချိန်စံညွှန်း သတ်မှတ်ချက်များနှင့် အညီ ဆောင်ရွက်ရန်၊ Myanmar National Building Code, Rules and Regulations များနှင့်အညီ ဆောင်ရွက်ရမည်။ |
| ၁၂ | | **ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန** | |
| | ၁ | ကမ္ဘာလှည့်ခရီးသည်ပို့ဆောင်ရေးလုပ်ငန်း | ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနတို့၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။ |
| | ၂ | Wellness Spa လုပ်ငန်း | ကြယ်သုံးပွင့်နှင့်အထက် အဆင့်ရှိသော ဟိုတယ်ကြီးများတွင်သာ ဆောင်ရွက်ခွင့်ပြုမည်။ သို့ရာတွင် အခန်းအရေအတွက် နည်းသော်လည်း အဆင့်အတန်းမြင့်စွာနှင့် ခမ်းနားစွာ တည်ဆောက်ထားသော ကြယ်ငါးပွင့်အဆင့် ဟိုတယ်များတွင် ခြွင်းချက်ဖြင့် ခွင့်ပြုမည်။ |
| | ၃ | နိုင်ငံခြားသားများသာ ကစားခွင့်ရှိသော Casino လုပ်ငန်း | ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။ ပြည်ထဲရေးဝန်ကြီးဌာန၏ ဥပဒေ လုပ်ထုံးလုပ်နည်း စည်းကမ်းချက်များနှင့် အညီ ခွင့်ပြုချက်ရရှိပါက ကန့်သတ်ဇရိယာ |

| အမှတ်စဉ် | | စီးပွားရေးလုပ်ငန်းအမျိုးအစား | ကန့်သတ်ချက် |
|---|---|---|---|
| (၁) | | (၂) | (၃) |
| | | | အတွင်းရှိ ဟိုတယ်များတွင် ဆောင်ရွက်ခွင့်ပြုမည်။ မြန်မာနိုင်ငံသားများအား ကစားခွင့်မပြု။ |
| ၁၃ | | **ပြန်ကြားရေးဝန်ကြီးဌာန** | |
| | ၁ | နိုင်ငံခြားဘာသာဖြင့် ထုတ်ဝေသော အချိန်မှန်ထုတ် သတင်းစာများ | ပြန်ကြားရေးဝန်ကြီးဌာန၏သဘောထားမှတ်ချက် ရယူရမည်။ |
| | ၂ | လူမှုရေးသိပ္ပံဘာသာရပ်ဆိုင်ရာ စာအုပ်စာတမ်းများ ထုတ်ဝေခြင်း | ပြန်ကြားရေးဝန်ကြီးဌာန၏သဘောထားမှတ်ချက် ရယူရမည်။ |
| | ၃ | သဘာဝသိပ္ပံဘာသာရပ်ဆိုင်ရာစာအုပ်စာတမ်းများ ထုတ်ဝေခြင်း | ပြန်ကြားရေးဝန်ကြီးဌာန၏သဘောထားမှတ်ချက် ရယူရမည်။ |
| | ၄ | အသုံးချသိပ္ပံဘာသာရပ်ဆိုင်ရာစာအုပ်စာတမ်းများ ထုတ်ဝေခြင်း | ပြန်ကြားရေးဝန်ကြီးဌာန၏သဘောထားမှတ်ချက် ရယူရမည်။ |
| | ၅ | အနုပညာရပ်များဘာသာရပ်ဆိုင်ရာ စာအုပ်စာတမ်းများ ထုတ်ဝေခြင်း | ပြန်ကြားရေးဝန်ကြီးဌာန၏သဘောထားမှတ်ချက် ရယူရန် လိုအပ်ပါသည်။ |
| | ၆ | ဘာသာရပ်ဆိုင်ရာစာအုပ်များ၊ မြန်မာအပါအဝင် တိုင်းရင်းသားဘာသာဖြင့်ဖြစ်စေ၊ နိုင်ငံခြားဘာသာဖြင့်ဖြစ်စေ ထုတ်ဝေသောဘာသာရပ်ဆိုင်ရာ စာအုပ်များ ထုတ်ဝေခြင်း | ပြန်ကြားရေးဝန်ကြီးဌာန၏သဘောထားမှတ်ချက် ရယူရမည်။ |
| | ၇ | FM ရေဒီယိုအသံလွှင့်လုပ်ငန်း | ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။ ပြန်ကြားရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက် ရယူရမည်။ |
| | ၈ | Direct To Home (DTH) လုပ်ငန်း | ပြန်ကြားရေးဝန်ကြီးဌာန၏သဘောထားမှတ်ချက် ရယူရမည်။ |
| | ၉ | DVB-T2 လုပ်ငန်း | ပြန်ကြားရေးဝန်ကြီးဌာန၏သဘောထားမှတ်ချက် ရယူရမည်။ |
| | ၁၀ | Cable/ IPTV လုပ်ငန်း | ပြန်ကြားရေးဝန်ကြီးဌာန၏သဘောထားမှတ်ချက် ရယူရမည်။ |
| | ၁၁ | ရုပ်ရှင်ကား ထုတ်လုပ်ခြင်းလုပ်ငန်း | ပြန်ကြားရေးဝန်ကြီးဌာန၏သဘောထားမှတ်ချက် ရယူရမည်။ |
| | ၁၂ | ရုပ်ရှင်ကားကူးဆေးခြင်း၊ တည်းဖြတ်ခြင်း၊ အသံသွင်းခြင်းလုပ်ငန်းများ | ပြန်ကြားရေးဝန်ကြီးဌာန၏သဘောထားမှတ်ချက် ရယူရမည်။ |
| | ၁၃ | ရုပ်ရှင်ပြသခြင်းလုပ်ငန်း | ပြန်ကြားရေးဝန်ကြီးဌာန၏သဘောထားမှတ်ချက် ရယူရမည်။ |
| | ၁၄ | ရုပ်ရှင်သင်တန်းကျောင်းဖွင့်လှစ်ခြင်း | ပြန်ကြားရေးဝန်ကြီးဌာန၏သဘောထားမှတ်ချက် ရယူရမည်။ |
| | ၁၅ | ရုပ်ရှင်ရိုက်ကူးရေးသုံးပစ္စည်းများ ငှားရမ်းခြင်းလုပ်ငန်း | ပြန်ကြားရေးဝန်ကြီးဌာန၏သဘောထားမှတ်ချက် ရယူရမည်။ |

| အမှတ်စဉ် | | စီးပွားရေးလုပ်ငန်းအမျိုးအစား | ကန့်သတ်ချက် |
|---|---|---|---|
| (၁) | | (၂) | (၃) |
| | ၁၆ | ရုပ်ရှင်စတူဒီယိုတည်ဆောက်ခြင်း | ပြန်ကြားရေးဝန်ကြီးဌာန၏သဘောထားမှတ်ချက်ရယူရမည်။ |
| | ၁၇ | VCD, DVD, Blue Ray Disc များကူးယူခြင်းလုပ်ငန်း | ပြန်ကြားရေးဝန်ကြီးဌာန၏သဘောထားမှတ်ချက်ရယူရမည်။ |
| | ၁၈ | ရုပ်ရှင်နှင့်ရုပ်/သံရိုက်ကူး ထုတ်လုပ်ဖြန့်ချိပြသလုပ်ငန်း | ပြန်ကြားရေးဝန်ကြီးဌာန၏သဘောထားမှတ်ချက်ရယူရမည်။ |

## ၂။ အခြားခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခွင့်ပြုသည့် စီးပွားရေးလုပ်ငန်း အမျိုးအစားများစာရင်း

| အမှတ်စဉ် | စီးပွားရေးလုပ်ငန်းအမျိုးအစား | ကန့်သတ်ချက် |
|---|---|---|
| (၁) | (၂) | (၃) |
| 1 | တိရစ္ဆာန်မွေးမြူထုတ်လုပ်ခြင်း (ကျွဲ၊ နွား) | Good Animal Husbandry Practice (GAHP) နှင့် Good Manufacturing Practice (GMP)ဖြင့် ဆောင်ရွက်ရမည်။ |
| 2 | တိရစ္ဆာန်မွေးမြူထုတ်လုပ်ခြင်း (သိုး၊ ဆိတ်၊ ကြက်၊ ဝက်နှင့် အခြား) | Good Animal Husbandry Practice (GAHP) နှင့် Good Manufacturing Practice (GMP) ဖြင့် ဆောင်ရွက်ရမည်။ |
| 3 | တိရစ္ဆာန်အစားအစာ၊ ဖြည့်စွက်အစားအစာများ ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း | Good Manufacturing Practice (GMP)ဖြင့် ဆောင်ရွက်နိုင်သူဖြစ်ရမည်။ |
| 4 | တိရစ္ဆာန်ရောဂါကာကွယ်/ကုသဆေး ထုတ်လုပ်မှု လုပ်ငန်း | ASEAN Guide Line on GMP for Animal Vaccines/ Drugs နှင့်အညီဆောင်ရွက်ရမည်။ |
| 5 | နို့စားနွားမွေးမြူခြင်းလုပ်ငန်း | Good Animal Husbandry Practice (GAHP) စနစ်ဖြင့် ဆောင်ရွက်ရမည်။ |
| 6 | နို့နှင့်နို့ထွက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း | ASEAN Criteria for Accreditation of Milk Processing Establishment နှင့်အညီ ဆောင်ရွက်ရမည်။ |
| 7 | သားသတ်ရုံလုပ်ငန်း | Hazard Analysis Critical Control Point (HACCP) စနစ်ဖြင့် GMP နှင့်အညီ ဆောင်ရွက်ရမည်။ |
| ၈ | တိရစ္ဆာန်ထွက်ကုန်နှင့် အသားပြုပြင်ထုတ်လုပ်မှု လုပ်ငန်း | ASEAN Criteria for Accreditation Livestock Product Establishment of Manufacturing Meat Product in Hermetically -Sealed Containers ဖြင့် ထုတ်လုပ်မှုဆောင်ရွက်ရမည်။ |
| ၉ | မွေးမြူရေးခြံသုံးပစ္စည်းလုပ်ငန်း | Good Manufacturing Practice (GMP) ဖြင့်ဆောင်ရွက်ရမည်။ |
| ၁၀ | ကြက်သားပေါက်မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်း | ASEAN Biosecurity Management Manual for Commercial Poultry Farming နှင့်အညီ GAHP, GMP တို့နှင့် ဆောင်ရွက်ရမည်။ |
| ၁၁ | နွားနောက်မွေးမြူရေးလုပ်ငန်း | GAHP စနစ်ဖြင့် ဆောင်ရွက်ရမည်။ |
| ၁၂ | ရေချို/ ရေငန်ပုစွန် မွေးမြူရေးလုပ်ငန်း | သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေသည့် သိပ္ပံနည်းကျ မွေးမြူရေးစနစ်ဖြင့်သာ ဆောင်ရွက်ရမည်။ |
| ၁၃ | ကျောက်မီးသွေးရှာဖွေထုတ်လုပ်ခြင်းလုပ်ငန်း | နိုင်ငံတော်နှင့် ဖက်စပ်စနစ်ဖြင့်ဆောင်ရွက်ရမည်။ |
| ၁၄ | တိုင်းရင်းဆေးများမှအပ အိမ်သုံးဆေးဝါး ထုတ်လုပ် ခြင်းလုပ်ငန်း | အနိမ့်ဆုံး WHO၊ GMP လိုက်နာဆောင်ရွက်ရမည်။ |

| အမှတ်စဉ် | | စီးပွားရေးလုပ်ငန်းအမျိုးအစား | ကန့်သတ်ချက် |
|---|---|---|---|
| (၁) | | (၂) | (၃) |
| | ၁၅ | ကာကွယ်ဆေး၊ မူးယစ်ဆေး၊ စိတ်ပြောင်းဆေးများမှအပ ဆေးဝါးအမျိုးမျိုး ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း | အနိမ့်ဆုံး WHO၊ GMP လိုက်နာဆောင်ရွက်ရမည်။ |
| | ၁၆ | ဥပဒေနှင့်အညီခွင့်ပြုသည့်အခြားအဆောက်အအုံ တည်ဆောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ ထိန်းသိမ်းမွမ်းမံခြင်းလုပ်ငန်းများ | အာဆီယံ MRA အရ စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန်၊ Myanmar National Building Code, Rules and Regulations များနှင့်အညီ ဆောင်ရွက်ရမည်။ |
| | ၁၇ | ဟိုတယ်လုပ်ငန်း | ကြယ်သုံးပွင့်နှင့်အထက် အဆင့်သာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၁၀၀ ရာခိုင်နှုန်းခွင့်ပြုမည်။ အခြားတွင် JV ဖြင့်သာ ခွင့်ပြုမည်။ |
| | ၁၈ | ကောက်ပဲသီးနှံများအား လိုအပ်သည့်သွင်းအားစုများအား တင်သွင်းအသုံးပြု၍ စိုက်ပျိုးထုတ်လုပ်ပြီး ပြည်တွင်းဈေးကွက်၌ ဖြန့်ဖြူးခြင်း၊ ပြည်ပသို့တင်ပို့ခြင်းလုပ်ငန်း | တန်ဖိုးမြှင့် Value-added ပစ္စည်းများ ထုတ်လုပ်ခြင်းကိုသာ ခွင့်ပြုမည်။ ဖက်စပ်စနစ်ဖြစ်ပါက တိုင်းရင်းသားလုပ်ငန်းရှင်မှ အနည်းဆုံး ၄၀ ရာခိုင်နှုန်း ပါဝင်ရမည်။ |
